# လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဖခင် ဗမာ့တပ်မတော်ကို ဦးစီးတည်ထောင်သူ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်ဝင်တို့ရဲ့ မူလဆန္ဒရင်းမှန်

ဗမာ့တပ်မတော်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်ဝင်တွေ စတင် တည်ထောင် လာခဲ့ကြတာပါ။ ရဲဘော်သုံးကျိပ်ဝင် သက်ရှိထင်ရှားဆိုလို့ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောနဲ့ ဗိုလ်ရဲထွဋ်တို့သာ ကျန်ရှိပါတော့တယ်။ ဗမာ့တပ်မတော်ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာ (၂၆)ရက်နေ့က ဘန်ကောက်မြို့မှာ စတင်သန္ဓေတည် မွေးဖွားခဲ့တာပါ။ အဲဒီအချိန်တုန်းကတော့ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင် အေ)လို့ အမည်ပေး ခေါ်ဝေါ်သုံးစွဲပါတယ်။

မြန်မာပြည်ဟာ အဲဒီအချိန်ကာလတုန်းက ကိုလိုနီလက်အောက်ခံဘဝ ကျရောက်နေတဲ့အတွက်ကို လိုနီဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးအတွက် သမိုင်းလိုအပ်ချက်အရ ဗမာ့တပ်မတော်ကို မဖြစ်မနေ ဖွဲ့စည်းခဲ့ရတာ ဖြစ်ပါတယ်။ ကိုလိုနီလက်အောက်ခံဘဝကနေ မြန်မာတမျိုးသားလုံး လွတ်မြောက်ဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ အမျိုးသား နိုင်ငံရေးအင်အားစု အားလုံးက ဝိုင်းဝန်းကြိုးပမ်း အားထုတ်စိုင်းပြင်းနေတဲ့ အချိန်လည်းဖြစ်ပါတယ်။

ဗမာ့တပ်မတော်ကို စတင်တည်ထောင်တဲ့ ကနဦးမူလ ရည်ရွယ်ချက်က တိုင်းပြည်ရဲ့အချုပ်အချာနဲ့ တိုင်းသူပြည်သား လူမျိုးစုံ ပြည်သူတရပ်လုံးကို ကာကွယ်စောင့်ရှောက်ဖို့ ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက် ကြောင့်လည်း ကျနော်တို့ သွေးသားရင်းချာ ညီအကိုမောင်နှမတွေဟာ တိုင်းပြည်နဲ့လူမျိုး အကျိုးအတွက် စစ်ဘက်ရေးရာ ကိစ္စတွေမှာ ဝင်ရောက် အမှုထမ်းကြတာ ဖြစ်ပါတယ်။ တပ်မတော်ထဲကို ဝင်ရောက်ကြတာ ဖြစ်ပါတယ်။ အချို့လည်း လက်နက်ကိုင် အမှုထမ်းအဖြစ် ဝင်ရောက်ကြပြီး အချို့ကတော့ နောက်တန်းစခန်းတွေမှာ ရုံးအမှုထမ်းတွေအဖြစ် ဝင်ရောက်တာဝန် ထမ်းဆောင်ကြပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းရဲ့လိုလားအတောင့်တဆုံး ဖြစ်စေချင်တဲ့ ဆန္ဒကတော့ တပ်မတော်ကို ပြည်သူ့အ မှုထမ်း စစ်စစ် တပ်မတော်မျိုး ဖြစ်စေချင်တာပါ။ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်တဲ့ တပ်မတော်၊ လူမျိုးစုံ ပြည်သူတရပ်လုံးရဲ့အသက် အိုးအိမ် စည်းစိမ်တွေကို ကာကွယ် စောင့်ရှောက်ပေးမယ့် ပြည်သူချစ်တဲ့ တပ်မတော်၊ အမျိုးသားရေးလက္ခဏာ အစဉ်အလာကောင်းတွေကို ထိန်းသိမ်းစောင့် ရှောက်တဲ့ တပ်မတော်အဖြစ် ရည်ရွယ် ဦးစီးတည်ထောင်ခဲ့တာပါ။ တကယ့် တကယ်လည်း အဲဒီကာ လတုန်းက ဗမာ့တပ်မတော်ကို တိုင်းသူပြည်သား အားလုံးက လိုလိုချင်ချင်နဲ့ကို အားကိုးချစ်ခင် လေးစားယုံကြည်ခဲ့ကြတာပါ။

ဒီအစဉ်အလာ ကောင်းတွေ၊ ကျင့်ဝတ် ဂုဏ်သိက္ခာကောင်းတွေဟာ ဒီကနေ့ကာလမှာ လုံးဝ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်တဲ့အတွက် အင်မတန်မှကို ဝမ်းနည်းကြေကွဲစရာ ကောင်းလှပါတယ်။ ဒီကနေ့ဆို လို့ရှိရင် ပြည်သူချစ်တဲ့ တပ်မတော်အဖြစ်ကနေ ပြည်သူလူထုကို ဗိုလ်ကျရမ်းကား နှိပ်စက် သတ်ဖြတ်တဲ့ မုဒိမ်းကျင့် ပြည်သူသတ် တပ်မတော်အဖြစ် နာမည်တွင်ရစ်ပါပြီ။ အရင်က တပ်မတော်ရဲ့ဆောင် ပုဒ်ဟာ " ပြည်သူသာ အမိ ပြည်သူသာ အဖ " ကနေ အခုလက်ရှိ " တပ်မတော်သာ အမိ တပ်မတော်သာ အဖ "အဖြစ် ပြောင်းသွားခဲ့ရပါပြီ။ အကြောင်းကတော့ လက်တဆုပ်စာ စစ်ဗျူရိုကရက် လူတစုရဲ့ခါးပိုက် ဆောင်တပ်အဖြစ် နာခံလုပ်ဆောင်ပေး နေရတာကြောင့် ဖြစ်ပါတယ်။

ဒါပေမဲ့လို့ တကယ်တန်း တိုင်းပြည်ကိုချစ်တဲ့၊ တိုင်းပြည်နဲ့လူမျိုးကို အလုပ်အကျွေးပြုချင်တဲ့ ပြည်ချစ် တပ်မတော်သားအများ တပ်မတော်အတွင်းမှာ ကျန်ရှိနေသေးပါတယ်။ အောက်ခြေတပ်သား ရဲဘော်ကနေ အဆင့်ဆင့် အကြပ်တပ်သား အရာရှိ တပ်မှူးတွေအထိပဲ ဖြစ်ပါတယ်။ တပ်မတော်ဟာ လုံးဝ ပျက်စီးသွားပြီဆိုတာကို သူတို့တွေကလည်း ကောင်းကောင်းသိကြမယ်လို့ ယူဆပါတယ်။ သူတို့အ တွက်ကလည်း လှုပ်လို့မရအောင်ကို တင်းတင်းကျပ်ကျပ် စောင့်ကြည့်ခံနေရတာ ဖြစ်တဲ့အတွက် နီးရာဓါးကို ကြည့်ရှောင်နေရတယ်လို့ ထင်ပါတယ်။ သူတို့ကို မှီခိုနေရတဲ့ မိသားစုကလည်း ရှိကြသေး တာကိုး။

နေ့စဉ် ထွက်ပြေးတဲ့ တပ်သား အရေအတွက်ကလည်း မနည်းလှပါဘူး။ လေးလပတ် စစ်ဆင်ရေး တခုဆို တပ်သား စုစုပေါင်း (၇၀၀၀) ထောင်လောက် လျော့နည်းဆုံးရှုံး နေရတယ်လို့ စက်တင်ဘာလမှာ ပြုလုပ်လေ့ရှိတဲ့ တိုင်းမှူးများ လေးလပတ် အစည်းအဝေးအရ ကြားသိနေရပါတယ်။ (၇၀၀၀) ထောင် ဆိုတဲ့ အရေအတွက်ဟာ တပ်မတခုစာလောက် ရှိတယ်လို့ သိရပါတယ်။ ဒါကြောင့်လည်း အတင်း အဓမ္မ စစ်သားစုဆောင်းရေးကို ကျော်မကောင်း ကြားမကောင်း လုပ်နေတာ ဖြစ်ပါတယ်။ အသက် (၁၈)နှစ်အောက် ကလေးစစ်သား အရေအတွက်တင် (၇) သောင်းလောက် ရှိတယ်လို့ သိရပါတယ်။

ပြည်ပရေဒီယိုကလည်း ဒီကလေးစစ်သားနဲ့ပတ်သက်လို့ နေ့စဉ်လိုလို သတင်းထုတ်လွှင့်နေတာ ကြားနေသိနေရပါတယ်။ နေ့တိုင်းလိုလိုကို မကြားချင်အဆုံးပါပဲ။ အိမ်ကအမေက ဈေးသွားခိုင်းလိုက်တာ ပျောက်သွားတယ်၊ ပြန်မရောက်လာတော့ဘူး၊ လိုက်မေးမြန်း စုံစမ်းကြည့်တော့မှ စစ်သားစုဆောင်း ရေးကို ရောက်သွားပြီ ဆိုတာမျိုး၊ ဘယ်တပ်ရင်းကို ပို့လိုက်ပြီဆိုတာမျိုး မိဘတွေက သိရပါတော့တယ်။ ရောက်သွားတဲ့နေရာထိ မိဘဆွေမျိုးတွေက လိုက်သွားပြီး ပြန်ခေါ်မယ်ဆိုတော့လည်း ပြန်ခေါ် ခွင့်မရဘဲ ခြိမ်းခြောက် မောင်းထုတ်တာမျိုး၊ ပြန်ခေါ်ချင်ရင် ငွေဘယ်နှစ်သိန်း ပေးရမယ်ဆိုတာမျိုး၊ ထောင်ချပစ်မယ် ဆိုတာမျိုးတွေကိုသာ ကြားနေကြုံနေ ရင်ဆိုင်နေရပါတယ်။

တပ်မတော်တရပ်က ဒီလိုအပြုအမူမျိုး လုပ်လို့ရပါသလား။ အသက်ကလည်း မပြည့်သေး ကာယကံ ရှင်ကလည်း သဘောမတူတဲ့ဟာကို အတင်းအဓမ္မ ပြန်ပေးဆွဲသလို လုပ်နေတာဟာ နိုင်ငံသားတ ယောက်ရဲ့မွေးရာပါအခွင့်အရေးကို ပြောင်ကျကျ ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေတာ ဖြစ်သလို ပြည်သူလူထု အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် ပေးရမယ်ဆိုတဲ့ တပ်မတော်ရဲ့ ကျင့်ဝတ်ကတိ ဂုဏ်သိက္ခာနဲ့ကော ကိုက်ညီပါရဲ့လား။ တပ်မတော်တရပ်ရဲ့ လုပ်ငန်းစဉ်ကော ဟုတ်ပါရဲ့လား။

တနည်း ဒါဟာ ပြန်ပေးဆွဲ အေးမြေတိုက်တာပဲ မဟုတ်ပါလား။ ဒီလိုမျိုး တပ်မတော်က ခိုင်းစေထား တာလား၊ ဒါဆိုရင်တော့ တပ်မတော်မဟုတ်တော့ပါဘူး။ ပြန်ပေးဆွဲဂိုဏ်း ဓမြဂိုဏ်းအဆင့်သာ ဖြစ်သွားတော့မှာပါ။ တပ်မတော်အကြီးအကဲ ဆိုတာလည်း ဓမြဗိုလ် အဆင့်သာသာပဲ ရှိတော့မှာပါ။ ဒီလိုဆိုရင်တော့ ဓမြဗိုလ်ကြီး အဆင့်လောက်သာရှိတဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တယောက်ဟာဖြင့် တပ်မတော် တရပ်လုံးကို စီမံကွပ်ကဲ အုပ်ချုပ်နိုင်တဲ့ အရည်အချင်းမရှိ အဆင့်မမီတဲ့အတွက် တပ်မတော် တရပ်ရဲ့ဂုဏ်သိက္ခာလည်း ထိခိုက်ကျဆင်းပါတယ်။ အစဉ်အလာအရ ကျင့်ဝတ်ပိုင်းအရ အင်မတန် ထိခိုက်ဆုံးရှုံး နစ်နာရပါတယ်။

ပြည်သူချစ်တဲ့ တပ်မတော်တရပ်ဟာ ဒီလိုမျိုး အောက်တန်းကျတဲ့ လုပ်ရပ်မျိုးကို ဘယ်တော့မှ လုပ်လေ့လုပ်ထ မရှိပါဘူး။ တပ်မတော်တရပ်ဟာ ပြည်သူ့ အမှုထမ်းစစ်စစ် တပ်မတော် ဖြစ်ရမယ်ဆိုတဲ့ လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အလိုလားဆုံး အတောင့်တဆုံး ဆန္ဒနဲ့လည်း ဆန့်ကျင် ဖီလာ ဖြစ်နေသလို တပ်မတော်ရဲ့ဖခင်ရင်းကို လျစ်လျူပြု စော်ကားသလို အဖြစ်မျိုးလည်း ရောက်သွားပါတယ်။

အခုတလော စစ်တပ်နဲ့ပတ်သက်တဲ့ သတင်းတွေလည်း ဟိုကဒီက အမျိုးမျိုးကြားနေရပါတယ်။ ဗိုလ်မှူးဟောင်း ဝင်းနိုင်ကျော် ကိစ္စမှာလည်း သက်သက်မဲ့ ဓါးစာခံရှာ သေဒဏ်ပေးတာဖြစ်ကြောင်းနဲ့ အဓိက ကတော့ နဝတခေတ် အတွင်းရေးမှူး (၂) ဗိုလ်ချုပ်ကြီးတင်ဦး လုပ်ကြံခံရတဲ့ကိစ္စ အဖြစ်မှန် ပေါ် လာနိုင်တာကြောင့် အခုလိုမျိုး ဓါးစာခံရှာ သေဒဏ်ပေးတာ ဖြစ်တယ်လို့ မဇ္ဈိမသတင်းဌာနနဲ့ အင်တာဗျူးမှာ လုပ်ဖော်ကိုင်ဖက်ဟောင်း တဦးဖြစ်တဲ့ ကမ္ဘောဒီးယားနိုင်ငံ မြန်မာသံရုံးမှာ ဌာနခွဲ (၂) ရဲ့ဌာနခွဲမှူးအဖြစ် ၂၀၀၄ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ဘူးတဲ့ ဦးစိန်လွင်က ထုတ်ဖော်ပြောသွားခဲ့ပါတယ်။

တဆက်တည်းမှာပဲ နောင် ဒီလိုမျိုးဖြစ်ရပ်တွေ မပေါ်ပေါက်အောင် မလုပ်ရဲအောင် သေဒဏ် အပြစ် ပေးပြတာလို့ ဆက်လက်ပြောသွားခဲ့သလို ဒီလုပ်ရပ်မျိုးတွေကြောင့် မီဒီယာတွေမှာ သတင်းတွေ ဓါတ်ပုံတွေ နောက်ထပ် အနေးနဲ့အမြန် ဆိုသလို တက်လာပါလိမ့်ဦးမယ်လို့ ဖြေကြားသွားပါတယ်။

ဗိုလ်မှူး ဝင်းနိုင်ကျော်ဟာ ၂၀၀၄/၂၀၀၅လောက်မှာ သူ့ရာထူးဖြစ်တဲ့ အမျိုးသားစီမံကိန်း  ဝန်ကြီးဌာနက နိုင်ငံခြားစီးပွားဆက်သွယ်ရေးဌာန ညွှန်ကြားရေးမှူးက ထွက်လိုက်ပြီး ကုလသမဂ္ဂ အေဂျင်စီ တခုမှာ သွားအလုပ်လုပ်ရာကနေ ၂၀၀၉ ဒီဇင်ဘာ လဆန်းမှာ ပြန်လာတုန်း စရဖက သူ့ကို ရန်ကုန် မင်္ဂလာဒုံလေဆိပ်မှာဘဲ ဖမ်းလိုက်တာဖြစ်ပြီး သူ့ဆီက လျှို့ဝှက်ခေါင်းပုံတွေ စရဖက တွေ့တယ် ပြောတယ်။ ဒါပေမဲ့ တကယ့်အဖြစ်က အတွင်းရေးမှူး (၂) ရဲ့ပိုအရေးကြီးတဲ့ ပိုလျှို့ဝှက်တဲ့ ဖိုင်တွေက သူ့ခရီးဆောင် ကွန်ပျူတာထဲမှာ ရှိနေတာ။ ဒါကိုပဲ ဗိုလ်ချုပ်ကြီးတွေက ဒီကိစ္စတွေကို ပြဿနာ ပိုမကြီးထွား လာစေချင်ဘူးလေ။ အဓိက က အတိတ်က ကိစ္စတွေ မီးခိုး ကြွက်လျှောက် ပေါ်လိုက်လာမှာကို ကြောက်လို့ ဖုံးကွယ် ဖျောက်ဖျက်ချင်တာပါ။

နောက်ပြီးတော့လည်း ဗိုလ်မှူးဝင်းနိုင်ကျော် ဒီမိုကရေစီအင်အားစုတွေဘက် ကူးပြောင်းရောက်သွား ရင် ဒီကိစ္စအဖြစ်မှန် ပြန်ပေါ်လာမှာကိုလည်း လက်စဖျောက်ပစ်ချင်တဲ့အတွက် " တချက်တည်းနဲ့ နှစ် ကောင်ပစ်သလို "လုပ် သေဒဏ်အမိန့်ချ လိုက်တာပါ။ လက်စတုံး ပစ်လိုက်တာပါ။ ဇာတ်တူသားချင်း စားမှ ကိုယ့်အသက် ရှင်သန်နိုင်မယ့် စစ်အာဏာရှင်စနစ်ဆိုးကြီး၊ အမှောင်ကျနေတဲ့ ခေတ်ဆိုးကြီးပါ။

ပြီးခဲ့တဲ့ ဇန်နဝါရီ(၁၃)ရက်နေ့ကလည်း တပ်မ(၆၆) လက်အောက်ခံ တပ်ရင်း ခမရ(၈၀)နဲ့ ခမရ(၅) တပ်ရင်းဆီ ရန်ကုန်ကရောက်လာတဲ့ ထောက်လှမ်းရေးတပ်တို့ တမြန်နေ့ တနင်္ဂနွေနေ့က ပစ်ခတ်မှု ဖြစ်ပွားကြလို့ ခမရ(၅)က ထောက်လှမ်းရေးတပ်ကြပ်ကြီး သေနတ်ဒဏ်ရာ ပြင်းထန်လို့ သေဆုံးသွားခဲ့ ရပါတယ်။ ဒ့ါအပြင် "တပ်မ ၆၆ ရဲ့ ခမရ ၈၀၊ ၆၈၊ ၇၅ တပ်ရင်းတွေဟာ စားဝတ်နေရေး အဆင်မပြေတာကြောင့် ပြီးခဲ့တဲ့ ဒီဇင်ဘာ တတိယအပတ်ကတည်းက အာဏာဖီဆန်လာခဲ့တာပါ" လို့ ဘီဘီ စီက လွှင့်ထုတ်ပြောကြားခဲ့ပါတယ်။

မြင်းခြံမှာလည်း လက်နက်တိုက် ဖောက်ထွင်းမှု ဖြစ်ခဲ့ပါသေးတယ်။ ခမရ(၈၀)တပ်ရင်းကို ထောက် လှမ်းရေးက မသင်္ကာလို့ ဆိုပြီး ဝင်စစ်တာ တပ်ရင်းမှူး ကိုယ်တိုင်က ဝင်စစ်ခွင့်မပြုတဲ့အတွက် ပစ်ခတ်မှုတွေ ဖြစ်ပွားတာလို့ ရိုးမ(၃)သတင်း ဝက်ဘ်ဆိုက်မှာ ဖော်ပြထားတာ တွေ့ရပါတယ်။ ဒါကိုကြည့်ရင် သူတို့ စစ်တပ်အတွင်းမှာလည်း ဒေသခံတပ်ရင်းမှူးနဲ့ အထက်အမိန့်ပေးတဲ့ သူတွေကြားမှာ အဆင်မပြေ တင်းမာမှုတွေရှိတယ်ဆိုတာ သိသာထင်ရှားပါတယ်။

ပြည်ပရောက် စစ်တပ် အရာရှိဟောင်းတဦးကလည်း ခမရ ၈၀ အပါအဝင် အမည်မသိ အခြား ယင်း ဒေသ အခြေစိုက် တပ်ရင်း (၂)ရင်းတို့မှာ ယခင်လ ၂၀ ရက် ဝန်းကျင်ကတည်းက တပ်တွင်းလစာနှင့် ပတ်သက်၍ အာဏာဖီဆန်မှုများ ရှိခဲ့သဖြင့် အရာရှိများနှင့်တပ်သားများ အနည်းဆုံး ၅၀ ဦးခန့် ဖမ်းဆီး ခံထားရကြောင်းနှင့် ၆၆ တပ်မမှူး ဗိုလ်မှူးကြီး စန်းမြင့်အား စစ်ခုံရုံးတင် စစ်ဆေးနေကြောင်း မဇ္ဈိမကို ပြောပြပါတယ်။

ဗမာ့တပ်မတော်အတွင်းမှာလည်း တိုက်ခိုက်ရေးနဲ့ ထောက်လှမ်းရေးတပ်များအကြား မသင့်မမြတ်ဖြစ် မှုမှာ နာတာရှည် ရောဂါလို ဖြစ်နေပါတယ်။ အကြောင်းကတော့ ထောက်လှမ်းရေးတပ်များရဲ့ခံစားပိုင် ခွင့်၊ ရပိုင်ခွင့်နဲ့ လုပ်ပိုင်ခွင့်တို့မှာ ရိုးရိုး တိုက်ခိုက်ရေးတပ်များထက် အဆပေါင်းများစွာ သာလွန် ကောင်းမွန် နေတာကြောင့် ဖြစ်ပါတယ်။ မကြာသေးမီလေးတင်ကလည်း တပ်မ(၆၆)နဲ့ တပ်မ(၇၇)က အရာရှိတွေအပါအဝင် တပ်သားအများစု စားဝတ်နေရေး အဆင်မပြေမှုကြောင့် အစုလိုက် အပြုံလိုက် ထွက်ပြေးကြတယ်ဆိုတဲ့ သတင်းကို လေလှိုင်းကနေ ကြားမိလိုက်ပါသေးတယ်။

ဒီအခြေအနေတွေကို သုံးသပ်ကောက်ချက်ဆွဲ ကြည့်မယ်ဆိုရင် တပ်မတော်အတွင်းမှာ အထက်အောက် ကွာဟမှု ကြီးမားနေတာ၊ ရာထူးအဆင့်အတန်း ခွဲခြားဆက်ဆံခံနေရတာ၊ မျက်နှာကြီးရာ ဟင်းဖတ်ပါ ဆိုသလို နောက်ခံအသိုင်းအဝိုင်း ကောင်းရင် ကောင်းသလို အကျိုးခံစားခွင့်၊ ရပိုင်ခွင့်တွေ၊ တာဝန်ပေး နေရာချထားမှု မတူကွဲပြားနေတာ၊ တာဝန်ကို ကျေပွန်စွာ ကြိုးစားထမ်းဆောင်ပေမဲ့ ရာထူး အဆင့်နေရာ မတက်နိုင်ဘဲ ဖြစ်နေရတာ၊ နောက်ဆုံး တပ်မတော်သားအခွင့်အရေး လုံးဝမရှိ ဆုံးရှုံး နေရတာတွေဟာ (လက်တဆုပ်စာ စစ်ဗိုလ်ချုပ်တသိုက်ကလွဲလို့) တပ်မတော်သားအားလုံးရဲ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေရုံသာမက တပ်မတော်ကြီးတခုလုံးကိုပါ ထိခိုက်ပျက်စီးစေတယ်ဆိုတာ အမှန်တကယ် တိုင်းပြည်နဲ့လူမျိုးကို အလုပ်အကျွေးပြုချင်တဲ့ မျိုးချစ်ပြည်ချစ် တပ်မှူးတပ်သားအားလုံး နား လည် ခံစားမိကြမှာပါ။

ဒါကြောင့် အချိန်မနှောင်းသေးမီ စစ်အာဏာရှင်ဗိုလ်ချုပ်တစု အကျိုးစီးပွားအတွက် အမိန့်နာခံပေးနေတာကို ရပ်တန်းက ရပ်ပြီး လူမျိုးစုံ ပြည်သူတရပ်လုံးနဲ့အတူ ပူးပေါင်းလက်တွဲ၍ စည်းလုံးညီညွတ်စွာဖြင့် လက်တဆုပ်စာ စစ်အာဏာရှင် အပေါင်းအပါ တစုကို ချေမှုန်းသုတ်သင်ပစ်မှသာ တပ်မတော် ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ မူလဆန္ဒရင်းဖြစ်သော ပြည်သူ့တပ်မတော် စစ်စစ်ကို ပြန်လည်ဖော်ဆောင် တည်ဆောက်နိုင်မည်ဖြစ်ပြီး မိမိတို့၏ မှားယွင်းစွာ အမိန့်အာဏာ ခံယူနေခဲ့မှုကိုလည်း ချေ ဖျက်ရာ ရောက်မည်ဖြစ်ကြောင်း အထူးသတိချပ်စေလိုပါတယ်။ ဘယ်သူမပြု မိမိမှုသာ ဖြစ်ကြောင်းပါ။

ဒီအတိုင်းသာဆိုရင် မကြာတော့တဲ့အချိန်အတွင်း တပ်တွင်းပုန်ကန်မှုတွေ ဖြစ်ပေါ်ဖို့ တာစူနေတဲ့ အရိပ်လက္ခဏာတွေပါပဲ။ လွတ်လပ်ရေးရပြီးစ အစဦးပိုင်းကာလတုန်းက တပ်ရင်းလိုက် တသုတ်ပြီးတသုတ် တောခိုကြသလို နောက်ထပ် တပ်ရင်း လိုက် ထွက်ပြေးမှုတွေ ဆက်တိုက်ဖြစ်ပေါ်လာနိုင်ကြောင်းနဲ့ စစ်တပ်အတွင်း အနေအထားများကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာရင်း ၂၀၀၈ အခြေခံဥပဒေကို အသက်သွင်းမယ့် ၂၀၁၀ ရွေးကောက်ပွဲကို အပစ်အခတ်ရပ်စဲထားတဲ့အဖွဲ့တွေ အပါအဝင် တိုင်းရင်းသားအင်အားစု အားလုံး၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ အားလုံး၊ ဒီမိုကရေစီအင်အားစုများအားလုံးက နိုင်ငံရေးအသိမြင့်မားစွာနဲ့ ဒီကနေ့ရဲ့ ရှေ့ဆောင်ပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဒေါင်းအလံတော်အောက်မှာ ညီညာလက်တွဲ ပေါင်းစုစည်းကာ ဝန်းရံပံ့ပိုး အားဖြည့်သွားကြရန်မှာ ဒီကနေ့ရဲ့ လက်ငင်း သမိုင်းတာဝန်တရပ် ဖြစ်ကြောင်း ရေးသား တင်ပြလိုက်ရပါတယ်။

မင်းဆွေ (ပေါက်)

၂၀၁၀ခုနှစ် ဇန်နဝါရီလ (၁၅)ရက်။